ယခုစာအုပ်ဟာ ဗုဒ္ဓဘာသာရဲ့ 'မူလအစ'၊
'ဂုဏ်သိက္ခာ' နဲ့ 'ခေတ်သစ်ကမ္ဘာအတွက်
လက်တွေ့အသုံးဝင်မှု' တို့ကို
ပြန်လည်ရှာဖွေတဲ့ ခရီးတစ်ခုလို့ဆိုနိုင်ပါတယ်။
မူလစာရေးသူ စတီဖင်ဘတ်ချ်လာရဲ့
'After Buddhism' စာအုပ်ဟာ
ရှေးဟောင်း ပိဋကတ်ကျမ်းဂန်တွေကို
ယခုခေတ်ကာလရဲ့ ဉာဏ်အလင်းနဲ့
ပြန်လည်ဆန်းစစ်ပြီး ခလေ့ထုံးတမ်း
ယဉ်ကျေးမှုဆိုင်ရာ
ဖုံးအုပ်ခံထားရမှုတွေကို ခွာချကာ
ဂေါတမဗုဒ္ဓဟောကြားခဲ့တဲ့ မူလအဆုံးအမတွေရဲ့
အနှစ်သာရဆီသို့ နက်နက်ရှိုင်းရှိုင်း
ချဉ်းကပ်တင်ပြထားပါတယ်။
ယခုမြန်မာပြန်ဆိုချက်မှာ ဘတ်ချ်လာရဲ့
အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ 'ဗုဒ္ဓဘာသာကို
ဘာသာရေး အယူဝါဒတစ်ခုအဖြစ်မှ
လက်တွေ့ဘဝကျင့်စဉ်တစ်ရပ်အဖြစ်ဆီသို့
ပြန်လည်ပို့ဆောင်ရန်' ဆိုတဲ့ အတွေးအခေါ်ကို
အလေးထား ဆောင်ကြဉ်းဖို့
အားထုတ်ထားပါတယ်။
ဒါ့အပြင် ဒီစာအုပ်က ဗုဒ္ဓရဲ့တရားတော်တွေကို
သီအိုရီပိုင်းဆိုင်ရာ ဝိရောဓိတွေ၊ ဒဿနဆန်တဲ့
မေးခွန်းတွေအဖြစ် မဟုတ်ဘဲ
လူသားတိုင်း လက်တွေ့လုပ်ဆောင်နိုင်တဲ့
လုပ်ငန်းဆောင်တာတွေ
(Tasks) အဖြစ် တင်ပြထားတာကို
ရှင်းလင်းစွာ ဖတ်ရှုရမှာဖြစ်ပါတယ်။